# ကိုရီးယားနိုင်ငံတွင် နေထိုင်သော နိုင်ငံခြားသား လုပ်သားများအတွက် လုပ်ငန်းခွင်ထိခိုက်မှုလျှောက်ထားခြင်း လမ်းညွှန်

## ○ လုပ်ငန်းခွင်ထိခိုက်မှုနစ်နာကြေးအာမခံဆိုသည်မှာ?

- လုပ်ငန်းခွင်ထိခိုက်မှု နစ်နာကြေးအာမခံဆိုသည်မှာ လုပ်သားက လုပ်ငန်းတာဝန် ထမ်းဆောင်ရင်း ထိခိုက်အနာတရဖြစ်ခြင်း ရောဂါဝေဒနာစွဲကပ်ခြင်းကြောင့် ၄ရက်နှင့် အထက် ဆေးကုသမှု ခံယူရန်လိုအပ်ချိန်တွင် ဆေးကုသပေးပြီး ဆေးကုသနေစဉ်အတွင်း ပျမ်းမျှလစာ၏ ၇၀ရာခိုင်နှုန်းကို ပေးအပ်ပြီး လုပ်သား သေဆုံးပါက ကျန်ရစ်သူမိသားစုအတွက် ထောက်ပံ့ကြေးကို ပေးခြင်း စသော ကိုရီးယားနိုင်ငံ၏ လူမှုဖူလုံရေး အာမခံစနစ်ဖြစ်သည်။
- နိုင်ငံခြားသား လုပ်သားသည်လည်း ဥပဒေနှင့် အညီ နေထိုင်ခြင်း ရှိမရှိနှင့် မသက်ဆိုင်ဘဲ ကိုရီးယားနိုင်ငံ ပြည်သူများနှင့် အခွင့်အရေးတူညီစွာ လုပ်ငန်းခွင်ထိခိုက်မှု လျှောက်ထားခြင်းနှင့် ထောက်ပံ့ကြေးငွေကို ရရှိနိုင်ပြီး လုပ်ငန်းရှင်က လုပ်ငန်းခွင်ထိခိုက်မှုကို ပူးပေါင်းပါဝင် ဆောင်ရွက်မပေးလျှင်လဲ လျှောက်ထားနိုင်သည်။

## ○ နိုင်ငံခြားသား လုပ်သား လုပ်ငန်းခွင်ထိခိုက်မှု လျှောက်ထားရန် အဆင့်ဆင့်

- လုပ်သားလူမှုဖူလုံရေးဖောင်ဒေးရှင်း အင်တာနက်စာမျက်နှာ၊ လုပ်ငန်းခွင်ထိခိုက်မှုနစ်နာကြေးအာမခံ ကုသမှုဌာနတွင် ရှိသော ဆေးကုသစရိတ် လျှောက်လွှာကို ဖြည့်ပြီး လုပ်ငန်းခွင်တည်ရှိရာ နေရာတွင်ရှိ ဌာနတွင် တင်လျှောက်နိုင်သည်။

※ ထိခိုက်အနာတရရမှု သုတေသန စီစစ်မှု အဆင့်ဆင့်တွင် လုပ်ငန်းရှင်နှင့် လုပ်သားသို့ အလုပ်တာဝန် အကြောင်းအရာကို စစ်ဆေးခြင်း သို့ စာရွက်စာတမ်း အပြီးသတ်ဖြည့်စွက်ရန် လျှောက်နိုင်ပြီး ထိုအခြေအနေတွင် စီစဉ်လုပ်ဆောင်မှုများမှာ အများအားဖြင့် နောက်ကျနိုင်ပါသည်။

※ လုပ်ငန်းတာဝန်အရ ရရှိသော ရောဂါကြောင့် ဆေးကုသမှုစရိတ် လျှောက်ထားပါက လုပ်ငန်းတာဝန်အရရရှိသောရောဂါ ဆုံးဖြတ်မှု ကော်မတီမှ တဆင့် လုပ်ငန်းတာဝန်ကြောင့် ရရှိသော ရောဂါ ဟုတ်မဟုတ်ကို ဆုံးဖြတ်ပေးမည်။

## ○ လုပ်ဆောင်မှု အဆင့်ဆင့်

ဆေးကုသမှုစရိတ်လျှောက်ထားလွှာ ဖြည့်စွက်ခြင်း → စင်တာသို့ တင်သွင်းခြင်း → လုပ်ငန်းခွင်ထိခိုက်မှု ဟုတ်မဟုတ် ဆုံးဖြတ်ခြင်း → ကာယကံရှင်အား အသိပေးခြင်း

## ○ အာမခံ ထောက်ပံ့ကြေး အမျိုးအစား

| | |
|---|---|
| ဆေးကုသမှု စရိတ် | လုပ်ငန်းတာဝန်အရ ထိခိုက်အနာတရ ဖြစ်မှုကြောင့် ၄ရက်နှင့် အထက် ကုသမှုခံယူရန် လိုအပ်သောအခါ ကိုရီးယားနိုင်ငံ လုပ်ငန်းခွင်ထိခိုက်မှု ကုသရေးဌာနတွင် ကုသပေးခြင်း။ |
| နားရက်ခံစားခွင့် | အလုပ်တာဝန်အရ ဒဏ်ရာ သို့ ရောဂါကို ကုသရန်အတွက် အလုပ်မလုပ်နိုင်သော ကာလအတွက် ၁လစာ ပျမ်းမျှလစာ၏ ၇၀ရာခိုင်နှုန်း ပေးခြင်း။ |
| ထိခိုက်နစ်နာမှုလျော်ကြေး | ဆေးကုသမှု စတင်ချိန်မှ စ၍ ၂နှစ်တိုင်အောင် ဒဏ်ရာ သို့ ရောဂါသည် ကုသပြောက်ကင်းခြင်း မရှိဘဲ ထိုအခြေအနေသည် ဥပဒေ ဖော်ပြပါအတိုင်း ကုသမရသော ရောဂါလက္ခဏာနှင့် ကိုက်ညီပါက နားရက်ခံစားခွင့်လစာ အစား ပေးအပ်သော ထောက်ပံ့စရိတ် ပေးခြင်း။ |
| မသန်စွမ်းမှု ထောက်ပံ့စရိတ် | ဒဏ်ရာ သို့ ရောဂါ ကုသပြီးနောက် ချို့တဲ့ မသန်စွမ်းမှု ကျန်ရှိပါက အဆင့် ၁၄အနေဖြင့် ခွဲခြားနိုင်သော မသန်စွမ်းဖြစ်ခြင်း အဆင့်များထဲမှ မိမိနှင့် ကိုက်ညီသော မသန်စွမ်းမှု ထောက်ပံ့စရိတ် ပေးခြင်း။ |
| ကျန်ရစ်သူမိသားစု ထောက်ပံ့ကြေး နှင့် နာရေးစရိတ် | သေဆုံးသွားသော လုပ်သားနှင့် အတူတကွ ပူပန်ခံစားရသော ကျန်ရစ်သူ မိသားစုကို နှစ်စဉ်ထောက်ပံ့ကြေး (ယာယီ ထောက်ပံ့ကြေး)ကို ပေးခြင်းနှင့် နာရေးအတွက် နာရေးစရိတ် ကူညီပေးခြင်း။ |